
ဘာသာပြန် စာရေးဆရာ – ဥာဏ်လင်းထွန်း
အချိန်ဓားသခင်
(ဇောင်ယုချန်)
(Chapter 1599 - 1613)
စာစဉ် - ၁၀၄

## အခန်း - ၁၅၉၉
## (ဧက္ကာရီလျှန်...)

သုခ မြေအောက် နန်းတော်အလယ်တွင် ကမ္ဘာများစွာရှိ မိန်းကလေးများစွာကို ဖမ်းဆီး ချုပ်နှောင်ထားသည်။ သူတို့ အားလုံးမှာ အလွန်ချောမောသော မိန်းကလေးများ ဖြစ်ပြီး အားအနည်းဆုံးပင် တစ်ပိုင်းသူတော်စင်များ ဖြစ်သည်။

အချို့ကို သံလှောင်အိမ်များထဲတွင် ချုပ်နှောင်ထားပြီး အချို့ကို အကျဉ်းထောင်များထဲတွင် ဖမ်းဆီးထားကာ ဧည့်သည်များက စိတ်ကြိုက်ရွေးချယ်နိုင်သည်။

သံလှောင်အိမ်များနှင့် အကျဉ်းထောင်တစ်ခုစီတိုင်းတွင် ထိုမိန်းကလေးများ၏ အဆင့်အတန်း၊ ကျင့်ကြံခြင်းအဆင့်၊ မျိုးနွယ်နှင့် ခန္ဓာကိုယ်တည်ဆောက်ပုံများကို အသေးစိတ် ရေးသားထားသည့် ကျောက်စိမ်းပြားတစ်ခုလည်း ရှိသေး၏။

ဓောင်ယုချန်က ချန်ဖန်းရီနောက်မှ လိုက်ပါရင် သံလှောင်အိမ်များနှင့် အကျဉ်းထောင်များထဲရှိ မိန်းကလေးများ နဖူးတွင် သွေးနီရောင် အစေခံအမှတ်အသား တစ်ခုရှိသည်ကို သတိထားမိလိုက်သည်။

သူတို့ အားလုံးက အခန်းထဲတွင် သေဆုံးတော့မည်ဟု ထင်ရသော်လည်း ဓောင်ယုချန်နှင့် ချန်ဖန်းရီတို့ကို မြင်ချိန်တွင် ရန်လိုသော အမူအရာမျိုး ဖြစ်လာကြသည်။

သူတို့မှာ အချို့ အင်ပါယာ မင်းသမီးများ၊ ရှေးဟောင်းဂိုဏ်းမှ သူတော်စင်များ ဖြစ်ပြီး အချို့မှာ ပြိုင်ဘက်ကင်း သူတော်စင်များ၏ သမီးတော်များပင်။ ကျင့်ကြံသူများက သူတို့ကို သဘောကျပြီး နတ်သမီးများအဖြစ် သတ်မှတ်ခဲ့ကြသော်လည်း ယခုအချိန်တွင် အစေခံများသာ ဖြစ်နေရသည်။

သူတို့ မည်မျှ ဒေါသထွက်ကာ စိတ်ပျက်နေမည်ကို စိတ်ကူးကြည့်နိုင်သည်။

ဓောင်ယုချန်က စိတ်ထဲ သက်ပြင်းချမိသော်လည်း ပြုံးကာ …

" သူတို့က တော်တော်လေး ဒေါသ ဖြစ်နေတဲ့ပုံပဲ …"

" အဲ့တော့ ဘာဖြစ်လဲ … အစေခံ အမှတ်အသားက သူတို့ ကျင့်ကြံခြင်းအဆင့် နဲ့ စွမ်းအားကို ချိတ်ပိတ်ထားတယ်လေ… ကိုယ့်ကိုကိုယ် သတ်သေချင်တယ် ဆိုရင်တောင် သေလို့မရဘူး… အစေခံသခင်တွေရဲ့ ထိန်းချုပ်မှုအောက်မှာပဲ ရှိနေတာ…" ချန်ဖန်းရီက ပြုံးရင်း ရှင်းပြသည်။

" အစေခံ သခင်ဆိုသော စကား ကြားလိုက်ရချိန်တွင် ချန်ဖန်းရီ အနားရှိ အကျဥ်းထောင်များထဲမှ အမျိုးသမီးများ အားလုံး တုန်လှုပ် ကြောက်ရွံ့ကုန်ကြသည်။

ကျိဖန်ရှင်းက ဓောင်ယုချန် နောက်မှ လိုက်ပါရင်း သေချာ ကြည့်နေမိသည်။ သူမက ပန်းပွင့်တစ်ထောင်ကမ္ဘာမှ အားကောင်းသော မိန်းကလေးခုနစ်ယောက်ကို တွေ့ခဲ့ရသဖြင့် သူတို့ကို ကယ်တင်ချင်နေ၏။

"စိတ်အေးအေးထား… မင်း ဘယ်သူဆိုတာ သူတို့ မသိစေနဲ့… မင်းရဲ့ကျင့်ကြံခြင်းအဆင့်နဲ့တောင် ဖျက်ဆီးဖို့ မလွယ်ဘူး…" ဓောင်ယုချန်က ကျိဖန်ရှင်း စိတ်ခံစားချက်များကို မထိန်းနိုင်မည်ကို စိုးရိမ်သောကြောင့် စိတ်ဖြင့် ဆက်သွယ်ကာ ပြောသည်။

မြေအောက် နန်းတော်ထဲရှိ နက်ရှိုင်းသော နေရာကို လျှောက်လာရင်း ဇောင်ယုချန်က သူတော်စင်ဘုရင်အဆင့် အမျိုးသမီးတစ်ယောက် မျှော်စင်တစ်ခုထဲ ပိတ်လှောင်ခံထားသည်ကို တွေ့လိုက်ရသည်။

သူမ အချက်အလက်များကိုမူ မျှော်စင် အပြင်ဘက်၌ ရေးသားထားသည်။

" အုပ်စိုးသူကမ္ဘာ... မြွေမျိုးနွယ် ဘုရင်မ ချင်းလျို... နှစ်ပေါင်း (၁၂၀) ကျင့်ကြံထားပြီးတော့ အဆင့်သုံး သူတော်စင်ဘုရင် ဖြစ်နေပြီ... သူတော်စင်ကျောက် သန်းလေးဆယ် တန်ဖိုးရှိတယ်..."

မြွေမျိုးနွယ် ဘုရင်မ နဖူးတွင် အစေခံ အမှတ်အသားတစ်ခု ရှိနေပြီး လူဦးခေါင်းနှင့် မြွေအသွင်မျိုးပင်။

ဇောင်ယုချန်လည်း ကျီဖန်ရှင်း အခြား မျှော်စင်တစ်ခုဆီ သွားနေသည်ကို သတိထားလိုက်သည်။

" ဒီနတ်သမီးက တကယ့် ပြဿနာပဲ... သူက ငါ့နောက်မှာ အစေခံအဖြစ်နဲ့ နေရမှာကို ငါက သူ့နောက် ပြန်လိုက်နေရတယ်... ယင်ယန်နန်းတော်ရဲ့ ထိပ်တန်း ကျင့်ကြံသူတွေ သတိထားမိသွားကို မသိဘူးလား..."

ဇောင်ယုချန်က ကျီဖန်ရှင်းနောက်ကို ချက်ချင်း လိုက်သွားကာ ...

" မင်းဒီလို လျှောက်သွားနေရင် နှစ်ယောက်လုံး သေသွားလိမ့်မယ်..."

ကျီဖန်ရှင်းက မျှော်စင် အပြင်ဘက်တွင် လှုပ်ရှားခြင်း မရှိဘဲ ဇောင်ယုချန် ပြောသည့် စကားကိုလည်း ကြားပုံမရချေ။

ဇောင်ယုချန်လည်း တစ်ခုခု ထူးခြားနေသည်ကို သတိထားမိသဖြင့် မျှော်စင်ကို လှမ်းကြည့်လိုက်သည်။

မျှော်စင်ထဲတွင် သူတော်စင်ဘုရင် အမျိုးသမီး တစ်ယောက်ကို ဖမ်းဆီးထားပြီး သွေးနီရောင် သံကြိုးများဖြင့် ချုပ်နှောင်ထားသည်။ သူမက

မြေပြင်ပေါ်တွင် လဲကျနေသောကြောင့် မျက်နှာကို မမြင်ရချေ။

သို့သော် သူမ အချက်အလက်များကို မျှော်စင်အပြင်ဘက်၌ ရေးသား ထား၏။

" နှင်းဆီ ကလန်မှ အင်ပါယာ သမီးတော် ... ပန်းပေါင်းတစ်ထောင်ကမ္ဘာ ... အဆင့်လေး သူတော်စင်ဘုရင် ..."

" အဲ့တာ ကျီဖန်ရှင်းရဲ့ စီနီယာအမလား..."

ဇောင်ယုချန်လည်း ကျီဖန်ရှင်း လက်ချောင်းများထဲ သူတော်စင် အလင်း များ ထွက်ပေါ်လာသည်ကို သတိထားမိလိုက်သည်။

ကြည့်ရသည်မှာ မျှော်စင်ကို သူမ တိုက်ခိုက်တော့မလိုပင်။

" မလုပ်နဲ့ ..."

ဇောင်ယုချန်က ချန်ဖန်းရီ သူမထံ လျှောက်လာနေသည်ကို သတိထားမိ သောကြောင့် ကျီဖန်ရှင်းလက်အား ဆွဲကိုင်ပြီး ပွေ့ဖက်ထားလိုက်သည်။

ကျီဖန်ရှင်းလည်း ဇောင်ယုချန် သူမကို ယခုလို လုပ်ရဲမည်ဟု မမျှော်လင့် ထားသောကြောင့် ရှန်းထွက်ဖို့ ပြင်လေသည်။

" နှင်းဆီကလန်ရဲ့ အင်ပါယာ မင်းသမီးကို မင်းစိတ်ဝင်စားလို့လား ..." ရုတ်တရက် နောက်ဘက်မှ ချန်ဖန်းရီ အသံ ထွက်ပေါ်လာ၏။

ချန်ဖန်းရီနောက်တွင် အခြားလူတစ်ယောက် ရှိနေပြီး ဇောင်ယုချန်တို့နှင့် ခြေဆယ်လှမ်း အကွာကို ရောက်လာကြသည်။

ကျီဖန်ရှင်း အံ့သြသင့်သွားပြီး သူတော်စင်ချီများ ပြန်သိမ်းဆည်းကာ ဇော င်ယုချန် လက်ထဲမှ မရုန်းကန်တော့ချေ။

ကံကောင်းစွာဖြင့် ဇောင်ယုချန်က သူမ ခန္ဓာကိုယ်ကို ကာကွယ်ထား သောကြောင့် အခြားနှစ်ယောက်မှာ သူမ၏ ထူးဆန်းသော အမူအရာကို

သတိမထားမိချေ။

" ငါ မင်းကို သတိပေးလိုက်မယ်... ပြဿနာမရှာနဲ့... မဟုတ်ရင် ငါတို့ ပြန်ထွက်သွားနိုင်မှာ မဟုတ်ဘူး..." ကျိဖန်ရှင်းက ဖောင်ယုချန် စကားကို နားထောင်ရင်း ရင်ဘတ်ထဲတွင် မှိုနေလိုက်သည်။

ဖောင်ယုချန်က သူမ ခါးကိုကိုင်ပြီး ချန်ဖန်းရှီအား လှည့်ကြည့်ကာ...

" ဒီအင်ပါယာ သမီးတော်က ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာ မသတ်မှတ်ရသေးဘူးလား..."

ချန်ဖန်းရှီက ...

" ဒီမိန်းကလေးက သစ်ခွနတ်ဘုရားမနဲ့အတူ ကျင့်ကြံထားတာလေ... သူမရဲ့ စိတ်စွမ်းအားက အရမ်းအားကောင်းတယ်... အဲ့တာကြောင့် ငါတို့ရဲ့ အစေခံ အမှတ်အသားနဲ့ သူမကို မထိန်းချုပ်နိုင်သေးဘူး... ငါတို့ သူ့ရဲ့ စိတ်စွမ်းအားကို ဖယ်ရှားပြီး ထိန်းချုပ်နိုင်မှ ရောင်းချမှာလေ ..."

" အား ...."

မျှော်စင်ထဲရှိ အင်ပါယာ သမီးတော်က ကျယ်လောင်စွာ အော်ဟစ်လာသည်။

ခြေလက်များ ချုပ်နှောင်ခံထားရသည့် အင်ပါယာ သမီးတော်မှာ နိုးထလာပြီ ဖြစ်သည်။ သို့သော် သူမ တစ်ကြိမ် လှုပ်ရှားသည်နှင့် သံကြိုးများမှ မီးတောက်နှင့်လျှပ်စီးများ စီးဆင်းလာပြီး သူမ ခန္ဓာကိုယ်အား တိုက်စားတော့သည်။

နှင်းဆီကလန်မှ အင်ပါယာ သမီးတော်မှာ နာကျင်စွာ အော်ဟစ်ရင်း နောက်တစ်ကြိမ် မေ့မျောသွားရလေပြီ။

ထိုကဲ့သို့ နှိပ်စက်ခံရမည်ဆိုပါက သူတော်စင်ဘုရင် တစ်ယောက် ဖြစ်နေ

လျှင်ပင် စိတ်စွမ်းအားများ တဖြည်းဖြည်း ကုန်ဆုံးကာ နောက်ဆုံးတွင် အစေခံတစ်ယောက် ဖြစ်လာပေလိမ့်မည်။

ကျီဖန်ရှင်း ခန္ဓာကိုယ်က တုန်လှုပ်နေပြီး မျက်ရည်များ စီးကျလာတော့ မည်ကို ဖောင်ယုချန် သတိထားမိလိုက်သည်။

သူမက အမြဲတမ်း အပြစ်ကင်းစင်ပြီး လူအများကြားတွင် ဂုဏ်ယူဝံ့ကြွား စွာ နေထိုင်ခဲ့ရသော ပန်းပေါင်းတစ်ရာ နတ်သမီး မဟုတ်ပါလား။ သူမတွေ့ ဖူးသည့် လူတိုင်းမှာ သူမကို လေးစားကြသော လူများသာ ဖြစ်သောကြောင့် ယခုလို ရက်စက်သော မြင်ကွင်းကို ပထမဆုံး အကြိမ် မြင်ဖူးခြင်းပင်။

ယင်ယန်နန်းတော်မှာ သူမ ထင်ထားသည်ထက် ပိုရက်စက်လွန်းသည်။

ချန်ဖန်းရီ အနားသို့ ရွှေရောင်ဝတ်ရုံဝတ် လူတစ်ယောက် ရောက်လာပြီး ...

" သာမန် သူတော်စင်ဘုရင် တစ်ယောက်ဆို ငါစိတ်ဝင်စားမှာ မဟုတ် ဘူး... ဒါပေမဲ့ အင်ပါယာ သမီးတော်ဆိုတော့ ငါလည်း စိတ်ဝင်စားတယ်... မင်းဈေးနှုန်း သတ်မှတ်လိုက်တော့ ..."

ချန်ဖန်းရီက ခေါင်းခါယမ်းရင်း...

" ငါ ဆုံးဖြတ်လို့မရဘူး ... ဧကရီလျန်ကို ငါ သွားပြောလိုက်မယ်..."

ချန်ဖန်းရီက မြေအောက် နန်းတော် အောက်ခြေဆီ ဆင်းသွားပြီး ဖောင် ယုချန်၊ ကျီဖန်ရှင်းနှင့် ရွှေရောင်ဝတ်ရုံဝတ် လူတို့က မျှော်စင် အပြင်ဘက်၌ စောင့်ဆိုင်းနေကြသည်။

ရွှေရောင် ဝတ်ရုံဝတ်လူက မျက်နှာဖုံးတစ်ခု ဝတ်ဆင်ပြီး သူ့စွမ်းအားနှင့် ကျင့်ကြံခြင်းအဆင့်ကို မသိစေရန် ဖုံးကွယ်ခြင်း ရတနာများ အသုံးပြု ထားသည်။

ဇောင်ယုချန်က ထိုလူ၏ ကျင့်ကြံခြင်း အဆင့်ကို မပြောနိုင်သော်လည်း သူတော်စင်ဘုရင် တစ်ယောက် ဖြစ်သည်မှန်း သိပေသည်။

"နှင်းဆီကလန်ရဲ့ အင်ပါယာ သမီးတော်ကို မင်းလည်း စိတ်ဝင်စားတယ်လား..." ရွှေရောင်ဝတ်ရုံဝတ်လူက ဇောင်ယုချန်ကို ကြည့်ကာ မေးလာသည်။

ဇောင်ယုချန်က ...

" ဒါပေါ့... ဒီမိန်းကလေးက ချောမောလှပတဲ့အပြင် သူတော်စင်ဘုရင် တစ်ယောက်လေ... အခြား နေရာမှာ ဝယ်ဖို့ လုံးဝ မဖြစ်နိုင်တော့ ငါ စိတ်ဝင်စားတာ မဆန်းပါဘူး..."

ရွှေရောင် ဝတ်ရုံဝတ်လူက ဒေါသထွက်နေသော အမူအရာဖြင့် ...

" မင်း ငါ့လမ်းမှာ လာမရှုပ်ဖို့ သတိပေးလိုက်မယ်... ငါက လိုချင်တာကို ရအောင် ယူတတ်တဲ့လူ... ဒါ့အပြင် ငါက မင်းထက် ဘက်ပေါင်းစုံမှာ သာပြီးသား..."

" ဟား ဟား..."

ဇောင်ယုချန်က မောက်မာသော လူတစ်ယောက်နှင့် တွေ့ဆုံလာရသောကြောင့် ငြင်းမနေတော့ဘဲ ကျယ်လောင်စွာ ရယ်မောလိုက်သည်။ သို့သော် ရွှေရောင် ဝတ်ရုံဝတ်လူကို ကြည့်ကာ ရင်းနှီးသလို ခံစားနေရ၏။

" ငါ ဒီလူနဲ့ အရင်က တွေ့ဖူးတာလား..."

ခဏအကြာတွင် မြေအောက် နန်းတော်တစ်ခုလုံး အေးစက်လာသောကြောင့် ဇောင်ယုချန်ပင် တုန်ယင်လာရသည်။

ထို့နောက် ချောမော လှပပြီး ဆွဲဆောင်မှု ရှိသော အမျိုးသမီးတစ်ယောက် သူတို့ အနားကို ရောက်လာခဲ့သည်။ ရွှေရောင် ဝတ်ရုံဝတ်လူပင် သူမကို

သတိမထားမိသောကြောင့် ထိတ်လန့်သွား၏။

" ဇက္ကရီလျှန်..." ရွှေရောင် ဝတ်ရုံဝတ်လူက လေးစားသော အမူအရာဖြင့် ပြောသည်။

အတိအကျပင်... ထိုအမျိုးသမီးက ယင်ယန်နန်းတော်အတွင်းရှိ ခေါင်းဆောင်များထဲမှ တစ်ယောက် ဖြစ်သော ဇက္ကရီလျှန်ပင်။

ဇောင်ယုချန်က သူမကို သေချာ ကြည့်နေမိသော်လည်း ဇက္ကရီလျှန်မှာ မည်သည့် ထူးခြားသော ပုံစံမျိုး ရှိမနေချေ။ သူမထံမှ အားကောင်းသော သူတော်စင် အော်ရာများ ဖြာထွက်နေခြင်း မရှိသလို ထက်ရှသော အကြည့်များလည်း ရှိမနေပေ။ သူမကို ကြည့်ရသည်မှာ သာမန် စွဲမက်ဖွယ်ကောင်းသော မိန်းကလေး တစ်ယောက်ဟု ထင်မှတ်ရသည်။

အခြားလူများသာ သူမ မည်သူမှန်း မသိပါက ပျော်ပါးရန် ခေါ်ဖို့ ကြိုးစားကြပေလိမ့်မည်။

ဇောင်ယုချန်ကမူ သူမမှာ အလွန် အားကောင်းသော လူတစ်ယောက်မှန်း သိသောကြောင့် သတိထားနေမိသည်။

သူ့လှုပ်ရှားမှု မှားယွင်းသည်နှင့် ချက်ချင်း သေဆုံးသွားနိုင်သည် မဟုတ်ပါလား။

သို့သော် ဇက္ကရီလျှန်မှာ ဇောင်ယုချန်ကို စိတ်ဝင်စားနေပုံရပင်။

သူ့ကို အချိန်အတန်ကြာ စိုက်ကြည့်နေသောကြောင့် ဇောင်ယုချန်ပင် သူဖုံးကွယ်ထားခြင်း ပေါ်သွားပြီလောဟု အတွေးဝင်လာ၏။

အချိန်အတော်ကြာပြီးနောက် ဇက္ကရီလျှန်က ရွှေရောင်ဝတ်ရုံဝတ် လူကို ကြည့်ကာ ...

" နင်က ငါတို့ ဖောက်သည် ဖြစ်နေတာ အတော်ကြာနေပြီဆိုတော့

သူတော်စင်ကျောက် သန်းခြောက်ဆယ်နဲ့ ပေးလိုက်မယ်… ဘယ်လို သဘောရလဲ…"

ထိုသည်မှာ အလွန် မြင့်မားသော စျေးနှုန်းဖြစ်ပြီး အဆင့်ကိုး သူတော်စင်ဘုရင် တစ်ယောက်ပင် အလွယ်တကူ သုံးနိုင်မည် မဟုတ်ချေ။

ထိုပမာဏကြားလျှင် ရွှေရောင် ဝတ်စုံဝတ်လူပင် တုန့်ဆိုင်းသွား၏။

ကျိဖန်ရှင်းက ဇောင်ယုချန် ခါးကို တင်းကြပ်စွာ ဆုပ်ကိုင်ထားကာ မျက်ရည်များ ကျဆင်းလာတော့မည် ဖြစ်သည်။

" ငါပေးနိုင်တယ်…." ဇောင်ယုချန်က ရင်နာနာဖြင့် ထုတ်ပြောလိုက်ရသည်။

***